# မြန်မာနိုင်ငံတော်ဗဟိုဘဏ်
# မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာစည်းမျဉ်း
## (ငွေရေးကြေးရေးဥပဒေ/ စည်းမျဉ်း/ ၀၁/ ၀၃-၂၀၁၆)
## (၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတွင် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ စွမ်းရည်ပြည့်ဝစွာနှင့်ထိရောက်လုံခြုံစွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၁၃၂ နှင့် ၁၈၄ တို့အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါစည်းမျဉ်း များကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤစည်းမျဉ်းများကို မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာစည်းမျဉ်းဟု ခေါ်တွင်စေရမည်။

၂။ ဤစည်းမျဉ်းများသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်စေရမည်။

**အဓိပ္ပာယ်ဖော်ပြချက်**

၃။ ဤစည်းမျဉ်းများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု** (Mobile Financial Services-MFS) ဆိုသည်မှာ မိုဘိုင်းနည်းပညာကို အသုံးပြု၍ ငွေပေးချေမှုနှင့် ငွေရေးကြေးရေးဝန်ဆောင်မှုပေးခြင်း လုပ်ငန်းကိုဆိုသည်၊

(ခ) **မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ** (Mobile Financial Services Provider-MFSP) ဆိုသည်မှာ ဤစည်းမျဉ်းအရ ဗဟိုဘဏ်က မှတ်ပုံတင်လက်မှတ် ထုတ်ပေး ထားသည့် မိုဘိုင်းကွန်ရက်ဆောင်ရွက်သူ သို့မဟုတ် ဘဏ်မဟုတ်သောငွေရေးကြေးရေး အဖွဲ့အစည်းတို့ကိုဆိုသည်၊

(ဂ) **ကိုယ်စားလှယ်** ဆိုသည်မှာ ကိုယ်စားလှယ်သဘောတူညီချက်အရ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ ကိုယ်စား မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်သူများထံသို့ ပံ့ပိုးဆောင်ရွက်ပေးသူကိုဆိုသည်၊

(ဃ) **ကိုယ်စားလှယ်လုပ်ငန်း** ဆိုသည်မှာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ ကိုယ်စားလှယ်တစ်ဦးမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်သူများထံသို့ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု ပံ့ပိုးဆောင်ရွက်ပေးခြင်းကိုဆိုသည်၊

(င) **ကိုယ်စားလှယ်သဘောတူညီချက်** ဆိုသည်မှာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူနှင့် ကိုယ်စားလှယ်တို့အကြားချုပ်ဆိုသည့် သဘောတူညီချက်ကိုဆိုသည်၊

(စ) **မျှောထားသည့်ငွေကြေး (Float)** ဆိုသည်မှာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက ယင်း၏ဆက်သွယ်ဆောင်ရွက်သူအား အချိန်မရွေးပေးရန်တာဝန်ရှိသည့် မိုဘိုင်းငွေကြေးစာရင်းများစုစည်းထားသည့် စာရင်းလက်ကျန်စုစုပေါင်းဖြစ်ပြီး ယင်းသည် ဘဏ်တစ်ခုတွင် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက ဖွင့်လှစ်ထားရှိရမည့် ယုံကြည်အပ်နှံငွေစာရင်းရှိ ငွေပမာဏကိုဆိုသည်၊

(ဆ) **ဆက်သွယ်ဆောင်ရွက်သူ** ဆိုသည်မှာ မိုဘိုင်းငွေကြေးစာရင်း ဖွင့်လှစ်၍ဖြစ်စေ၊ ဖွင့်လှစ်ထားခြင်းမရှိဘဲဖြစ်စေ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုကို ရယူသူလူပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကိုဆိုသည်၊

(ဇ) **ကုန်သည်** ဆိုသည်မှာ ကုန်စည်နှင့်ဝန်ဆောင်မှုများအား ရောင်းဝယ်မှုပြုသည့်ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုသည်၊

(ဈ) **မိုဘိုင်းငွေကြေးစာရင်း (MFS Account)** ဆိုသည်မှာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်အလို့ငှာ ဆက်သွယ်ဆောင်ရွက်သူ၏ ငွေကြေးတန်ဖိုးတစ်ရပ်ကို ထိုသူ၏မိုဘိုင်းဖုန်းတွင် သိမ်းပေးထားခြင်းကိုဆိုသည်၊

(ည) **မိုဘိုင်းကွန်ရက်ဆောင်ရွက်သူ(MNO)** ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ လုပ်ငန်းလိုင်စင်ရရှိထားသည့် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကိုဆိုသည်။

## အခန်း(၂)
## မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုမှတ်ပုံတင်လက်မှတ်

၄။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူအဖြစ် ဆောင်ရွက်လိုသောလူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ကုမ္ပဏီသီးခြားတည်ထောင်၍ ဗဟိုဘဏ်သို့ သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်လက်မှတ်လျှောက်ထားရမည်။ ဤပြဋ္ဌာန်းချက်သည် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

**လျှောက်ထားခြင်းအတွက် သတ်မှတ်ချက်များ**

၅။ လျှောက်ထားသူသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက်-

(က) အနည်းဆုံးမတည်ရင်းနှီးငွေ ကျပ်သန်း သုံးထောင် ထည့်ဝင်ရမည်၊

(ခ) ဗဟိုဘဏ်သို့ မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းများနှင့် အချက်အလက်များကို တင်ပြရမည်-

(၁) မတည်ရင်းနှီးငွေ၏ ဝ.၁ ရာခိုင်နှုန်းဖြစ်သော မှတ်ပုံတင်ကြေး၊

(၂) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် သဘောသဘာဝ၊

(၃) ဆောင်ရွက်လိုသည့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုအမျိုးအစားများ၊

(၄) လုပ်ငန်းဆောင်ရွက်မည့် နေရာဒေသ၊ ကိုယ်စားလှယ်ကွန်ရက်၊ အခကြေးငွေနှင့် စရိတ်နှုန်းထားများ အဆိုပြုချက်နှင့် ဝန်ထမ်းခန့်ထားမှုစသည့် သတင်းအချက်အလက်များပါဝင်သော လာမည့်သုံးနှစ်တာကာလအတွက် လုပ်ငန်းစီမံချက်၊

(၅) လျှောက်ထားသူ၏ ဒါရိုက်တာအဖွဲ့နှင့် အဆင့်မြင့်စီမံခန့်ခွဲသူများ၏ သင့်မြတ်လျော်ကန်ခြင်းသတ်မှတ်ချက်များဆိုင်ရာ အချက်အလက်များအပါအဝင် အသေးစိတ်အချက်အလက်များ၊

(၆) မိုဘိုင်းကွန်ရက်ဆောင်ရွက်သူနှင့်ပတ်သက်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ကန့်ကွက်ရန်မရှိကြောင်းစာနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် အဆိုပါအဖွဲ့အစည်း၏ ကြပ်မတ်ကွပ်ကဲသူ (Regulator) ထံမှ ကန့်ကွက်ရန်မရှိကြောင်းစာ၊

(၇) ဗဟိုဘဏ်က လိုအပ်၍ တောင်းခံသည့် အခြားသတင်းအချက်အလက်များနှင့် စာရွက်စာတမ်းများ။

၆။ ဗဟိုဘဏ်သည် လျှောက်လွှာအပြည့်အစုံကို လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၉ဝ အတွင်း လျှောက်ထားမှုကိုငြင်းပယ်ခြင်း သို့မဟုတ် အတည်ပြုခြင်းကိုဆုံးဖြတ်၍ အကြောင်းပြန်ကြားမည်။

**အခကြေးငွေများနှင့်စရိတ်များ**

၇။ ဗဟိုဘဏ်သည် မိုဘိုင်းငွေကြေးဈေးကွက်တွင် တစ်ဦးတည်းချုပ်ကိုင်မှုများမဖြစ်ပေါ်စေရန် လိုအပ်ပါက မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက ရယူနိုင်သည့် အခကြေးငွေနှင့် စရိတ်နှုန်းထားများကို အခါအားလျော်စွာ သတ်မှတ်ပေးနိုင်သည်။

## အခန်း(၃)
## ကိုယ်စားလှယ်ခန့်အပ်ခြင်းနှင့် ကိုယ်စားလှယ်၏ လုပ်ငန်းတာဝန်များ

**ကိုယ်စားလှယ်ခန့်အပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ**

၈။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုအား ကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီးနောက် ရက်သတ္တပတ်နှစ်ပတ်အတွင်း အောက်ဖော်ပြပါ သတင်းအချက်အလက်များကို ဗဟိုဘဏ်သို့တင်ပြရမည်-

(၁) ကိုယ်စားလှယ်အမည်၊

(၂) ကိုယ်စားလှယ်လုပ်ငန်းတည်နေရာနှင့် လုပ်ငန်း၏ အမြဲတမ်းလိပ်စာ၊

(၃) ကိုယ်စားလှယ်၏ ဆက်သွယ်ရန် အချက်အလက်အပြည့်အစုံ၊

(၄) စံကိုယ်စားလှယ်သဘောတူညီချက်စာချုပ်ပါ သတ်မှတ်ချက်များနှင့် ကွဲပြားသည့် အချက်အလက်များ။

(ခ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် အပိုဒ်(က)တွင် ဖော်ပြထားသည့် သတင်းအချက်အလက်ပြောင်းလဲမှုတစ်ရပ်ရပ်ဖြစ်ပေါ်ပါက ယင်းပြောင်းလဲမှုဖြစ်ပြီး နှစ်ပတ်အတွင်း ဗဟိုဘဏ်သို့ အသိပေးအကြောင်းကြားစာပေးပို့ရမည်။

**ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့် ကိုယ်စားလှယ်များအသုံးပြုခြင်း**

၉။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည်-

(၁) ဆက်သွယ်ဆောင်ရွက်သူအား ဝန်ဆောင်မှုပေးရန်အတွက် ကိုယ်စားလှယ်ကိုသာ လုံးဝအသုံးပြုခြင်း သို့မဟုတ် ကိုယ်စားလှယ်ကို တွဲဖက်အသုံးပြုခြင်းကို ဆောင်ရွက်နိုင်သည်၊

(၂) မိမိလုပ်ငန်းအတွက် ကိုယ်စားလှယ်သီးသန့်ထားရှိခြင်းမပြုရ၊

(၃) မိမိခန့်အပ်ထားသည့်ကိုယ်စားလှယ်များ၏ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများ နှင့် ယင်းလုပ်ငန်းနှင့် ဆက်နွှယ်နေသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများအားလုံးကို ဥပဒေအရ တာဝန်ခံရမည်၊

(၄) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကို စတင်ဆောင်ရွက်မှု ခြောက်လ ကြာပြီးနောက် ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုနှင့်စပ်လျဉ်းသည့် ဌာနတွင်း စာရင်းစစ် အစီရင်ခံစာကို ဗဟိုဘဏ်သို့ တင်ပြရမည်၊

(၅) ယင်းခန့်ထားပြီးဖြစ်သည့် ကိုယ်စားလှယ်အမည်စာရင်း၊ ကိုယ်စားလှယ်များအား ဆောင်ရွက်ခွင့်ပြုထားသည့် လုပ်ငန်းအမျိုးအစား၊ သတ်မှတ်သည့် ဝန်ဆောင်ခ စသည်တို့ကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာထားရမည်။

(ခ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ကိုယ်စားလှယ်များကို အသုံးပြု ဆောင်ရွက်လိုခြင်းအတွက် အောက်ပါတို့ကို ဗဟိုဘဏ်သို့တင်ပြရမည်-

(၁) လာမည့်သုံးနှစ်တာကာလအတွက် ကိုယ်စားလှယ်များထားရှိ၍ မိုဘိုင်းငွေရေး ကြေးရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်မည့်နေရာ၊ ဒေသများ အဆိုပြုချက်၊

(၂) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက ကိုယ်စားလှယ်နှင့်စပ်လျဉ်း၍ ကျင့်သုံးမည့် အလေးထားစိစစ်ခြင်းဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ၊

(၃) ကိုယ်စားလှယ်မှတစ်ဆင့် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများ၊

(၄) ကိုယ်စားလှယ်သဘောတူညီချက် စံပုံစံစာချုပ်မူကြမ်း၏ မိတ္တူတစ်စောင်၊

(၅) ကိုယ်စားလှယ်များမှတစ်ဆင့် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ကျင့်သုံးမည့်မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၊

(၆) ကိုယ်စားလှယ်များမှတစ်ဆင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် တွေ့ကြုံရဖွယ်ရှိသည့် ဆုံးရှုံးနိုင်ခြေများကို ကုစားမည့် နည်းလမ်းများပါ ဖော်ပြထားသည့် ဆုံးရှုံးနိုင်ခြေစိစစ်ချက် အစီရင်ခံစာ၊

(၇) ကိုယ်စားလှယ်၏လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများ၊ နှင့်

(၈) ဗဟိုဘဏ်က လိုအပ်၍တောင်းခံသည့် အခြားသတင်းအချက်အလက်တစ်ရပ်ရပ်။

(ဂ) ဗဟိုဘဏ်သည် အပိုဒ်(ခ)အရ တင်ပြသည့် သတင်းအချက်အလက်များကို အခြေခံ၍ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းတွင် ကိုယ်စားလှယ်အသုံးပြုခြင်းကို ခွင့်ပြုမည်။

(ဃ) ကိုယ်စားလှယ်များသည် မည်သည့်မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူအတွက် ကိုယ်စားဆောင်ရွက်ပေးသူဖြစ်ကြောင်းနှင့် ကိုယ်စားဆောင်ရွက်ပေးမည့် မိုဘိုင်းငွေရေး ကြေးရေးလုပ်ငန်းများကို ဆက်သွယ်ဆောင်ရွက်သူအား ပြည့်စုံစွာ သတင်းအချက် အလက်ပေးရမည်။

(င) ကိုယ်စားလှယ်များသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက ခွင့်ပြုထားသည့် ဝန်ဆောင်မှုအခကြေးငွေမှအပ ဆက်သွယ်ဆောင်ရွက်သူများထံမှ မည်သည့်အခကြေး ငွေမှ ရယူခြင်းမပြုရ။

(စ) ကိုယ်စားလှယ်များသည် ငွေစာရင်းဖွင့်လှစ်ပေးရာတွင် ၎င်းတို့ရယူမည့် အခကြေးငွေ နှင့်စရိတ်များကို ဆက်သွယ်ဆောင်ရွက်သူအား အသိပေးရန်နှင့် အဆိုပါ အခကြေးငွေ နှင့်စရိတ်များကို ကိုယ်စားလှယ်၏ လုပ်ငန်းနေရာများတွင် အများပြည်သူမြင်သာအောင် ပြသထားရမည်။

## အခန်း(၄)

## မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏တာဝန်များ

### MFSP စနစ်နှင့် ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုများ

၁၀။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းအတွက် အောက်ဖော်ပြပါစနစ်များနှင့် ထိန်းချုပ်ကွပ်ကဲမှုများကို အနည်းဆုံးထားရှိရမည်-

(က) လုံလောက်သည့် ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုစနစ်များ၊ အားကောင်းခိုင်မာသည့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုနှင့် စာရင်းကိုင်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊

(ခ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့အရ ဌာနတွင်းမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် တာဝန်ခံရမည့်ကိစ္စရပ်များ၊

(ဂ) ပြည့်စုံလုံလောက်သည့် လုပ်ငန်းစဉ်ဆက်မပြတ်ဆောင်ရွက်နိုင်မည့်အစီအမံများနှင့် သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး အစီအမံများ၊

(ဃ) လုံခြုံမှုဆိုင်ရာအစီအမံများနှင့် အရေးကြီးသည့်စနစ်များအား ကာလအလိုက် ပြန်လည်သုံးသပ်နိုင်ရန် ထိရောက်သော စာရင်းစစ်လုပ်ငန်းအစီအစဉ်။

### ယုံကြည်အပ်နှံငွေစာရင်းနှင့် သီးခြားထားရှိရန် လိုအပ်ချက်

၁၁။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် မျှောထားသည့် ငွေကြေး၏ ၁၀၀ ရာခိုင်နှုန်းနှင့် တူညီသော ပမာဏတစ်ရပ်ကို ဘဏ်၌ ယုံကြည်အပ်နှံငွေစာရင်းဖွင့်လှစ်၍ အစဉ်ထိန်းသိမ်းထားရမည်။ အဆိုပါငွေအား ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်များအဖြစ်ထားရှိ၍ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ အခြားငွေစာရင်းများနှင့် ပေါင်းစပ်ခြင်းမရှိဘဲ သီးသန့်ထိန်းသိမ်းထားရမည်။

၁၂။ (က) ဤစည်းမျဉ်းပါ ရည်ရွယ်ချက်များအလို့ငှာ ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များတွင် အောက်ပါတို့ပါဝင်သည်-

(၁) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက မြန်မာနိုင်ငံအတွင်းရှိ ကူးသန်းရောင်းဝယ်ရေးဘဏ်များ၌ ဖွင့်လှစ်ထားသည့် စာရင်းရှင်အပ်ငွေ (အဆိုပါအပ်ငွေသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ အခြားလုပ်ငန်းများနှင့် ဆက်နွယ်သည့် အပ်ငွေများ သို့မဟုတ် ငွေသားလက်ကျန်စာရင်းများနှင့် သီးခြားဖြစ်ရမည်)၊

(၂) ဗဟိုဘဏ်က ခွင့်ပြုသည့် အခြားရရန်ပိုင်ခွင့်တစ်ရပ်ရပ်။

(ခ) ယုံကြည်အပ်နှံငွေစာရင်းရှိ ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်မှရရှိလာသည့် အတိုး သို့မဟုတ် ပြန်လည်ရရှိချက်ကို ဗဟိုဘဏ်သို့ တစ်နှစ်လျှင် တစ်ကြိမ်တင်ပြရမည်ဖြစ်ပြီး ဗဟိုဘဏ်က ခွင့်ပြုသည့်အတိုင်း ဆက်သွယ်ဆောင်ရွက်သူများ၏အကျိုးအတွက် အသုံးပြုရမည်။

(ဂ) ဗဟိုဘဏ်သည် ဘဏ်တစ်ခုခုတွင် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ကိုယ်စား စုစည်းဖွင့်လှစ်ထားသည့် မိုဘိုင်းငွေကြေးစာရင်းရှိ မိုဘိုင်းငွေကြေးစာရင်းအရေအတွက်ကို ကန့်သတ်ချက် ထားရှိသတ်မှတ်နိုင်သည်။

**ယုံကြည်အပ်နှံငွေစာရင်းအား စာရင်းညှိနှိုင်းခြင်း**

၁၃။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် နေ့စဉ် ညနေ ၄:၀၀ နာရီထက် နောက်မကျစေဘဲ မျှော်ထားသည့်ငွေကြေးပမာဏနှင့် ယုံကြည်အပ်နှံငွေစာရင်းရှိ လက်ကျန်စာရင်း တူညီစေရန် အစဉ်အမြဲကိုက်ညှိနေရမည်။

၁၄။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ယုံကြည်အပ်နှံငွေစာရင်းတွင် ရှိသည့် ငွေဖြစ်လွယ်သည့် ရရန်ပိုင်ခွင့်ပမာဏသည် မျှော်ထားသည့်ငွေပမာဏထက် လျော့နည်းပါက လျော့နည်းမှုဖြစ်ပေါ်သည့်နေ့၏ နောက်နေ့ နေ့လည် ၁၂:၀၀ နာရီထက် နောက်မကျစေဘဲ ပြန်လည်ဖြည့်တင်းရမည်၊

(ခ) အထက်အပိုဒ်(က)တွင် ဖော်ပြသည့် စာရင်းကိုက်ညှိမှုမရှိခြင်းကို ပြန်လည်ပြင်ဆင်မပြီးမချင်း မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူအနေဖြင့် မိုဘိုင်းငွေကြေးစာရင်းအသစ်များ ဖွင့်လှစ်ခြင်းမပြုရ။

**မိုဘိုင်းငွေကြေးစာရင်းဆိုင်ရာ သတ်မှတ်ချက်များ**

၁၅။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည်-

(၁) မိုဘိုင်းငွေကြေးစာရင်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့်သာ သတ်မှတ်ဆောင်ရွက်ရမည်၊

(၂) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူနှင့် မိုဘိုင်းငွေကြေးစာရင်းပိုင်ရှင်တို့အကြား ချုပ်ဆိုထားသည့် သဘောတူစာချုပ်ပါအချက်များကို လိုက်နာရမည်။

(ခ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် စာရင်းပိုင်ရှင်က ယင်း၏မိုဘိုင်းငွေကြေးစာရင်းရှိ ငွေကြေးပမာဏတစ်ရပ်ရပ်ကို တောင်းဆိုပါက မည်သည့်အချိန်တွင်မဆို ပြန်လည်ထုတ်ပေးရမည်။

(ဂ) စာရင်းရှိ ငွေကြေးပမာဏတစ်ရပ်ရပ်ကို ပြန်လည်ထုတ်ယူပါက မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူနှင့် မိုဘိုင်းငွေကြေးစာရင်းပိုင်ရှင်အကြား ချုပ်ဆိုထားသည့် သဘောတူစာချုပ်အရ သတ်မှတ်ထားသော အခကြေးငွေ သို့မဟုတ် စရိတ်အား ပေးဆောင်ရမည်။

**ခွင့်ပြုထားသည့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ**

၁၆။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် အောက်ပါဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်-

(၁) မိုဘိုင်းငွေကြေးစာရင်းများ ဖွင့်ပေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊

(၂) မိုဘိုင်းငွေကြေးစာရင်းသို့ ငွေသွင်းခြင်းနှင့် ငွေထုတ်ခြင်းလုပ်ငန်း၊

(၃) မိုဘိုင်းငွေကြေးစာရင်းအချင်းချင်း ငွေလွှဲပြောင်းခြင်းလုပ်ငန်း၊

(၄) လူပုဂ္ဂိုလ်အချင်းချင်း ပြည်တွင်းငွေပေးချေခြင်းလုပ်ငန်း၊

(၅) လူပုဂ္ဂိုလ်နှင့် အစိုးရကြား ပြည်တွင်းငွေပေးချေခြင်းလုပ်ငန်း၊

(၆) လူပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းကြား ပြည်တွင်းငွေပေးချေခြင်းလုပ်ငန်း၊

(၇) စီးပွားရေးလုပ်ငန်းအချင်းချင်း ပြည်တွင်းငွေပေးချေခြင်းလုပ်ငန်း၊

(၈) ဗဟိုဘဏ်မှ အခါအားလျော်စွာ သတ်မှတ်သည့် အခြားလုပ်ငန်းများ။

(ခ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများဖွင့်ပေးသည့် မိုဘိုင်းငွေကြေးစာရင်းများသည် ဘဏ်၌ဖွင့်လှစ်ထားသည့်ငွေစာရင်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပြီး အဆိုပါစာရင်းများအကြား လွှဲပြောင်းပေးချေမှုများ ဆောင်ရွက်နိုင်သည်။

## အခန်း(၅)

## မိုဘိုင်းငွေကြေးစာရင်းများအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ သတ်မှတ်ချက်များ

**ဆက်သွယ်ဆောင်ရွက်သူကိုကောင်းစွာသိရှိခြင်းနှင့် အလေးထားစိစစ်ခြင်း**

၁၇။ (က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်အချက်များအရ မိုဘိုင်းငွေကြေးစာရင်းများအား အဆင့်(၃)ဆင့် သတ်မှတ်ထားပြီး အဆင့်(၁)နှင့် အဆင့်(၂) စာရင်းများသည် လူပုဂ္ဂိုလ်များအတွက် ဖြစ်ပြီး အဆင့်(၃)စာရင်းသည် မှတ်ပုံတင်ထားသည့် တရားဝင်အဖွဲ့အစည်းများအတွက် ဖြစ်သည်၊

(ခ) မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်ပေးရာတွင် ဆက်သွယ်ဆောင်ရွက်သူအား သိရှိခြင်းနှင့် အလေးထားစိစစ်ခြင်းတို့ ဆောင်ရွက်ရန်လိုအပ်ပြီး စနစ်တကျမှတ်တမ်းပြု ထားရှိခြင်းကို ဆောင်ရွက်ရမည်၊

(ဂ) မိုဘိုင်းငွေကြေးစာရင်းအတွက် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ဆက်သွယ်ဆောင်ရွက်သူအား ကောင်းစွာသိရှိခြင်းနှင့် ဆက်သွယ်ဆောင်ရွက်သူ အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ စည်းကမ်းများနှင့် ကိုက်ညီရမည်-

| အဆင့် | ဆက်သွယ်ဆောင်ရွက်သူအား ကောင်းစွာ သိရှိခြင်းနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း | တစ်နေ့အတွက် လုပ်ငန်းဆောင်ရွက်မှု ပမာဏကန့်သတ်ချက် | တစ်လအတွက် လုပ်ငန်းဆောင်ရွက်မှု ပမာဏကန့်သတ်ချက် | အမြင့်ဆုံးစာရင်း ပမာဏလက်ကျန် ကန့်သတ်ချက် |
|---|---|---|---|---|
| အဆင့် (၁) (လူပုဂ္ဂိုလ်များ အတွက်သာ) | လိုအပ်၍တောင်းခံလျှင် သက်သေခံ အထောက်အထား (နိုင်ငံသားစိစစ်ရေးကတ် (ပထမဦးစားပေး)/ ယာဉ်မောင်းလိုင်စင် (ဒုတိယဦးစားပေး) (သို့) နိုင်ငံကူးလက်မှတ်) တင်ပြရန်လိုသည်။ | ကျပ် ၅၀,၀၀၀ | ကျပ် ၁ သန်း | ကျပ် ၂၀၀,၀၀၀ |
| အဆင့် (၂) (လူပုဂ္ဂိုလ်များ အတွက်သာ) | SIM ကတ်မှတ်ပုံတင်ခြင်း(သို့) နိုင်ငံသား စိစစ်ရေးကတ်(ပထမဦးစားပေး)/ယာဉ်မောင်း လိုင်စင် (ဒုတိယဦးစားပေး) (သို့) နိုင်ငံကူး လက်မှတ် တင်ပြရန်လိုသည်။ | ကျပ် ၂၀၀,၀၀၀ | ကျပ် ၅ သန်း | ကျပ် ၁ သန်း |
| အဆင့် (၃) (မှတ်ပုံတင်ထားသော တရားဝင်အဖွဲ့အစည်း/ စီးပွားရေးလုပ်ငန်းများ အတွက်သာ) | စီးပွားရေးလုပ်ငန်းမှတ်ပုံတင်အမှတ်၊ ဖွင့်လှစ် ထားသော ငွေစာရင်းအတွက် လိုအပ်သည့် သက်သေခံအထောက်အထားများ တင်ပြရန် လိုသည်။ | ကျပ် ၁ သန်း | ကျပ်သန်း ၅၀ | ကျပ်သန်း ၁၀ |

(ဃ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ဗဟိုဘဏ်က ထုတ်ပြန်သတ်မှတ် ထားသော ဆက်သွယ်ဆောင်ရွက်သူအားသိရှိခြင်း(KYC)/ ဆက်သွယ်ဆောင်ရွက်သူ အပေါ် အလေးထားစိစစ်ခြင်း(CDD)ဆိုင်ရာစည်းကမ်းများကို ကိုယ်စားလှယ်က လိုက်နာဆောင်ရွက်မှု ရှိစေရန် သေချာစွာဆောင်ရွက်ရမည်၊

(င) ဗဟိုဘဏ်သည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်မှုပမာဏ စုစုပေါင်းကန့်သတ်ချက်များနှင့် အမြင့်ဆုံးစာရင်းပမာဏ လက်ကျန်ကန့်သတ်ချက် များအား အခါအားလျော်စွာ ပြင်ဆင်နိုင်သည်၊

(စ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် မိုဘိုင်းငွေကြေးစာရင်း တစ်ခုထက်ပို၍ ဖွင့်လှစ်ပေးလျှင် အဆိုပါ ငွေစာရင်းအားလုံး၏ စုစုပေါင်းလက်ကျန်ငွေနှင့် လုပ်ငန်း ဆောင်ရွက်မှုပမာဏများသည် ငွေစာရင်းတစ်ခုချင်းစီအတွက် သတ်မှတ်ထားသည့် ပမာဏထက်ကျော်လွန်ခြင်း မရှိစေရ၊

(ဆ) ကုန်သည်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ပေးချေမှုများနှင့် အစိုးရသို့ပေးရ မည့်အခွန်အခများ သို့မဟုတ် အခွန်၊ ငွေတောင်းခံလွှာအတွက် ပေးချေမှုများသည် အထက်ဖော်ပြပါငွေစာရင်းပမာဏကန့်သတ်ချက်များနှင့် မသက်ဆိုင်စေရ၊

(ဈ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်ပေးပြီးနောက် (၄၈)နာရီအတွင်း မိုဘိုင်းကွန်ရက်ဆောင်ရွက်သူများ၏ SIM ကတ်မှတ်ပုံတင်ခြင်း database တွင် SIM ကတ်မှတ်ပုံတင်ခြင်းအတွက် သတင်းအချက်အလက်များအား အတည်ပြုပေးရမည်၊

(ဈ) မိုဘိုင်းငွေကြေးစာရင်းများတွင် ကွဲလွဲချက်များရှိနေပါက အဆိုပါ ကွဲလွဲချက်များကို ဖြေရှင်းနေစဉ်နှင့် ဖြေရှင်းပြီးသည်အထိ အဆိုပါစာရင်းကို ယာယီ ဆိုင်းငံ့ထားရမည်၊

(ည) မိုဘိုင်းငွေကြေးစာရင်းများတွင် ဖြစ်ပေါ်သော ကွဲလွဲချက်များကို သင့်လျော်သော အချိန်အတွင်း ဖြေရှင်းဆောင်ရွက်ခြင်းမပြုနိုင်ပါက အဆိုပါစာရင်းကို ပိတ်သိမ်းရမည်။

## အခန်း (၆)
## မိုဘိုင်းငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်ကို ကြီးကြပ်ထိန်းကျောင်းခြင်း

### နည်းပညာဆိုင်ရာ စံသတ်မှတ်ချက်များ

၁၈။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ဗဟိုဘဏ်နှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနတို့မှ သတ်မှတ်ထုတ်ပြန်ထားသည့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် နည်းပညာဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာရမည်၊

(ခ) မိုဘိုင်းကွန်ရက်ဆောင်ရွက်သူသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသို့ ပံ့ပိုးပေးသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုကို ခွဲခြားသတ်မှတ်ခြင်းမပြုရ။

### လုံခြုံစိတ်ချရမှု၊ အားကောင်းခိုင်မာမှုနှင့် စွမ်းဆောင်ရည်ရှိမှုဆိုင်ရာ အစီအမံများ

၁၉။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါတို့ကို စီမံထားရှိရမည်-

(က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ချက်များနှင့် အသုံးပြုသူအားလုံးအတွက် သင့်တော်သည့် အတည်ပြုစစ်ဆေးခြင်းလုပ်ငန်းစဉ်၊

(ခ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း စနစ်အတွက် လုံလောက်သည့် လုံခြုံရေးအစီအမံများ၊

(ဂ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း၏ ထိရောက်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှု။

**ဗဟိုဘဏ်က ကြပ်မတ်ကွပ်ကဲခြင်း**

၂၀။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ဗဟိုဘဏ်၏ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာသတ်မှတ်ချက်များနှင့် ဤစည်းမျဉ်းပါ အချက်များအား လိုက်နာရမည်၊

(ခ) ဗဟိုဘဏ်သည် ဖော်ပြပါလိုက်နာရန်လိုအပ်ချက်များကို အပြည့်အဝလိုက်နာဆောင်ရွက်ခြင်းရှိ မရှိ နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ သတင်းအချက်အလက်များ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုစနစ်၊ မှတ်တမ်းများနှင့် စာရင်းစာအုပ်များကို စစ်ဆေးမည်၊

(ဂ) ဗဟိုဘဏ်သည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ ကိုယ်စားလှယ်များ၊ ဝန်ဆောင်မှုပေးသူများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်သူများ သို့မဟုတ် ကိုယ်စားလုပ်ကိုင်ခွင့်ရရှိသော အဖွဲ့အစည်းလုပ်ငန်းများ၏ မှတ်တမ်းများ၊ ငွေစာရင်းစာအုပ်များနှင့် စာရင်းအချက်အလက်များအား တောင်းယူစစ်ဆေးနိုင်သည်၊

(ဃ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ယင်းတို့၏ ကိုယ်စားလှယ်များအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်ရန် တာဝန်ရှိသည်။ ယင်းအပြင် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ကိုယ်စားလှယ်တစ်ဦးချင်းစီက ဆောင်ရွက်ပေးသော ဝန်ဆောင်မှုအမျိုးအစားတစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်မှုပမာဏနှင့် အရေအတွက်ဆိုင်ရာ သတင်းအချက်အလက်များရယူရန်၊

(၂) ဗဟိုဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက ချမှတ်ထားသည့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု သတ်မှတ်ချက်များ၊ ကန့်သတ်ချက်များနှင့် အခြားစည်းမျဉ်းစည်းကမ်းများကို ထိရောက်စွာလိုက်နာခြင်း ရှိ မရှိ စောင့်ကြည့်စစ်ဆေးရန်။

**အစီရင်ခံစာတင်ပြခြင်း**

၂၁။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ဗဟိုဘဏ်က သတ်မှတ်သည့် အစီရင်ခံစာများကို ဗဟိုဘဏ်သို့တင်ပြရမည်၊

(ခ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးလအတွင်း စာရင်းစစ်ဆေးပြီးသည့် နှစ်ချုပ်အစီရင်ခံစာ မိတ္တူတစ်စောင်ကို ဗဟိုဘဏ်သို့ တင်ပြရမည်၊

(ဂ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုဆိုင်ရာ ပေးချေမှုစနစ်ကိုပြောင်းလဲခြင်း သို့မဟုတ် တိုးမြှင့်ဆောင်ရွက်ခြင်းကို ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။ ထိုသို့ ပြောင်းလဲပြင်ဆင်လိုကြောင်း

အဆိုပြုချက်ကို ရက်ပေါင်း (၃၀) ကြိုတင်၍ ဗဟိုဘဏ်သို့အသိပေးတင်ပြ ခွင့်ပြုချက်ရယူရမည်။

**အကြောင်းကြားစာပေးပို့ခြင်း**

၂၂။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် အောက်ပါကိစ္စရပ်များ ဖြစ်ပွားလာပါက အလုပ်လုပ်ရက် နှစ်ရက်ထက် နောက်မကျစေဘဲ ဗဟိုဘဏ်သို့စာဖြင့် ဆောလျင်စွာ အသိပေးတင်ပြရမည်-

(၁) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ လိမ်လည်မှု ဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်ရှိခြင်း သို့မဟုတ် ဖြစ်ပွားကြောင်းကို အတည်ပြုနိုင်သည့် အချက်များ တွေ့ရှိရခြင်း၊

(၂) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း၏ လုံခြုံမှုနှင့် စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်မှုကို ထိခိုက်စေမည့် လုံခြုံရေးကျိုးပေါက်ခြင်း၊ ဝန်ဆောင်မှုအား နှောက်ယှက်ဖြတ်တောက်ခြင်း သို့မဟုတ် အခြားသိသာထင်ရှားသည့် အချက်တစ်ရပ်ရပ် ပေါ်ပေါက်ခြင်း၊

(၃) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုစနစ် ပြတ်တောက်မှုအချိန်သည် နှစ်နာရီထက်ပို၍ကြာမြင့်ခြင်း၊

(၄) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုစနစ်၏ လျှို့ဝှက်အချက်အလက်များ ဆုံးရှုံးကြောင်း ညွှန်ပြချက်တစ်ရပ်ရပ်ပေါ်ပေါက်ခြင်း၊

(၅) ဗဟိုဘဏ်က သတ်မှတ်သော အခြားကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ခြင်း။

(ခ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် အထက်အပိုဒ် (က)တွင် ဖော်ပြထားသည့် အချက်အလက်များအပြောင်းအလဲရှိပါက ဗဟိုဘဏ်သို့ ရက်သတ္တပတ်နှစ်ပတ်အတွင်း အကြောင်းကြားရမည်။

**မှတ်တမ်းတင်ထားရှိခြင်း**

၂၃။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် မိုဘိုင်းငွေကြေးစာရင်းများ၊ ဆက်သွယ်ဆောင်ရွက်သူများ၊ ကိုယ်စားလှယ်များ၊ ဆက်သွယ်ဆောင်ရွက်သူတစ်ဦးစီ၏ မိုဘိုင်းငွေကြေးစာရင်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် လက်ကျန်ငွေပမာဏနှင့် ဘဏ်တွင် အပ်နှံထားရှိသည့် ယုံကြည်အပ်နှံငွေစာရင်းတို့နှင့်စပ်လျဉ်းသည့် မှန်ကန်ပြည့်စုံသော အချက်အလက်များကို မှတ်တမ်းပြုထိန်းသိမ်းထားရှိရမည်၊

(ခ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် အဆိုပါမှတ်တမ်းများအား အနည်းဆုံး ငါးနှစ် ထိန်းသိမ်းထားရမည်။

**လိုက်နာဆောင်ရွက်မှုမရှိခြင်းအတွက် အရေးယူဆောင်ရွက်ခြင်း**

၂၄။ (က) ဗဟိုဘဏ်သည် ဤစည်းမျဉ်းနှင့် ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ စည်းကမ်းများကို လိုက်နာရန်ပျက်ကွက်သော မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူအား အောက်ပါအတိုင်း အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်-

(၁) လိုက်နာရန်ပျက်ကွက်သည့်အချက်များကို ဆောလျင်စွာ ပြုပြင်ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊

(၂) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ပြောင်းလဲပြင်ဆင်စေခြင်း၊

(၃) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ကိုင်ခွင့်ပြုခြင်းကို ရပ်စဲခြင်း သို့မဟုတ် ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း အမိန့်ကို အများပြည်သူအကျိုးငှာ ထုတ်ပြန်ခြင်း၊

(၄) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်း။

(ခ) ဗဟိုဘဏ်သည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသို့ ယင်းအနေဖြင့် လိုက်နာဆောင်ရွက်မှုမရှိကြောင်းနှင့် ဆောလျင်စွာ အရေးယူဆောင်ရွက်ရန်လိုကြောင်း အသိပေးအကြောင်းကြားစာ ပေးပို့မည်။ သို့သော် အထက်အပိုဒ် (က) (၃) ပါအတိုင်း မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ရပ်ဆိုင်းခြင်း အမိန့်ထုတ်ပြန်သည့် ကိစ္စရပ်တွင် အသိပေးအကြောင်းကြားစာ ပေးပို့မည်မဟုတ်ပါ၊

(ဂ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ဗဟိုဘဏ်၏ အသိပေးအကြောင်းကြားစာအရ လိုက်နာဆောင်ရွက်မှုမရှိခဲ့သည့် ကိစ္စရပ်များအတွက် လိုအပ်သည့် အရေးယူဆောင်ရွက်မှုကို ချက်ချင်းပြုလုပ်ရမည် သို့မဟုတ် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ လုပ်ငန်းပိုင်းဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို ပြောင်းလဲပြင်ဆင်ခြင်းပြုလုပ်ရမည်၊

(ဃ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ဗဟိုဘဏ်၏ သတိပေးအကြောင်းကြားစာကို ရရှိပြီး ၁၄ ရက်အတွင်း ပြုပြင်ဆောင်ရွက်ရန် အရေးယူဆောင်ရွက်မှုကို မပြုလုပ်နိုင်ပါက ယင်းသို့မဆောင်ရွက်နိုင်သည့် ကျိုးကြောင်းဖော်ပြချက်နှင့်အတူ ယင်း၏ အရေးယူဆောင်ရွက်ရန်စီမံချက်ကို ဗဟိုဘဏ်သို့ မပျက်မကွက် တင်ပြရမည်၊

(င) ဗဟိုဘဏ်သည် အထက်အပိုဒ် (ဃ) ပါတင်ပြချက်ကိုရရှိပြီး မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက တင်ပြသည့် ကျိုးကြောင်းဖော်ပြချက်နှင့် အရေးယူဆောင်ရွက်

မည့် စီမံချက်တို့ကို စဉ်းစား၍ လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုကို ပြုလုပ်ရန် နောက်ထပ် ၁၄ ရက် ခွင့်ပြုနိုင်သည်၊

(စ) ဗဟိုဘဏ်သည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ပြုပြင်ဆောင်ရွက်ရမည်များကို ကျေနပ်ဖွယ်ရှိအောင် လိုက်နာ ဆောင်ရွက်ခြင်း နှင့် ပြုပြင်ဆောင်ရွက်ခြင်းမရှိကြောင်း သုံးသပ်ရပါ က ဤစည်းမျဉ်း အပိုဒ် (၆) အရ ထုတ်ပေးခဲ့သော လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်အား ရုပ်သိမ်း နိုင်သည်၊

(ဆ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် အထက်အပိုဒ်(က)(၃)ပါ ရပ်စဲခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း အမိန့်စာကိုရရှိပြီး ၁၄ ရက်အတွင်း ဗဟိုဘဏ်ဒါရိုက်တာ အဖွဲ့သို့ အယူခံဝင်နိုင်သည်။ ဗဟိုဘဏ်သည် အမိန့်စာကိုရုပ်သိမ်းမည်၊ ပြင်ဆင်မည် သို့မဟုတ် ဆက်လက်ထားရှိမည်ကို ဆုံးဖြတ်ချက်ချနိုင်သည်၊

(ဇ) ဗဟိုဘဏ်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့်အတည်ဖြစ်စေရမည်။

## အခန်း (၇)

## ဆက်သွယ်ဆောင်ရွက်သူအား အကာအကွယ်ပေးခြင်း

### ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ သဘောတူညီချက်

၂၅။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် မိုဘိုင်းငွေကြေးစာရင်းဖွင့်ပေးရာတွင် ၎င်းစာရင်းပိုင်ရှင်များနှင့် အီလက်ထရောနစ်နည်းလမ်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြင့်ဖြစ်စေ စာဖြင့်ရေးသားသော သဘောတူညီချက်စာချုပ် ချုပ်ဆိုရမည်၊

(ခ) သဘောတူစာချုပ်တွင် အောက်ပါအချက်များ အနည်းဆုံးပါရှိရမည်-

(၁) ငွေစာရင်းပိုင်ရှင်အား သတ်မှတ်ဖော်ထုတ်နိုင်မည့်အချက်များ ဖော်ပြထားခြင်း၊

(၂) ငွေစာရင်းတွင်ရှိ ငွေပမာဏပိုင်ဆိုင်မှုနှင့် ပိုင်ရှင်၏ ပြန်လည်ရွေးနုတ်ပိုင်ခွင့် ရှိကြောင်း ရှင်းလင်းစွာဖော်ပြထားခြင်း၊

(၃) တိုင်တန်းချက်များအား ပြန်လည်ဖြေရှင်းပေးသည့် လုပ်ထုံးလုပ်နည်းများနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ လိပ်စာနှင့် ဆက်သွယ်ရန် အချက် အလက်များအား ထည့်သွင်းဖော်ပြထားခြင်း။

### ထုတ်ဖော်ပြောဆိုခြင်း

၂၆။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှု လုပ်ငန်းများ၏ အဓိကအချက်များအား ဆက်သွယ်ဆောင်ရွက်သူများက ရှင်းလင်းစွာ သိရှိနားလည်စေရန် ဆောင်ရွက်ရမည်၊

(ခ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ ဈေးကွက်ရှာဖွေမှုဆောင်ရွက်ချက်များသည် ရိုးသားမှုနှင့်ပွင့်လင်းမြင်သာမှုရှိသည့် ယေဘုယျစည်းမျဉ်းများအားအခြေခံရမည်၊

(ဂ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၏ အီးမေးလ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်နှင့် နေရပ်လိပ်စာများကို ၎င်း၏ ဈေးကွက်ရှာဖွေမှုဆောင်ရွက်ချက်များတွင် ဖော်ပြပါရှိရမည်။

၂၇။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ၎င်းဆောင်ရွက်မည့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဆိုင်ရာ အသေးစိတ်ဖော်ပြချက်များ၊ ဆက်သွယ်ဆောင်ရွက်သူများအတွက် ဝန်ဆောင်မှုပေးသည့် နေရာများ၊ ကိုယ်စားလှယ်များ၏ အမည် နှင့် တည်နေရာအချက်အလက်များ စသည်တို့ကို မိမိ၏ဝက်ဘ်ဆိုဒ်တွင်ဖြစ်စေ၊ ဆက်သွယ်ဆောင်ရွက်သူများ လွယ်ကူစွာသိရှိနိုင်မည့် နည်းလမ်းတစ်ရပ်ဖြင့်ဖြစ်စေ ဖော်ပြထားရှိရမည်၊

(ခ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုဆောင်ရွက်ချက်များအတွက် ဝန်ဆောင်ခနှုန်းထားများနှင့် အခကြေးငွေဆိုင်ရာ အချက်အလက်များအား ဆက်သွယ်ဆောင်ရွက်သူများ သိရှိနိုင်ရန် ဆောင်ရွက်ထားရှိရမည်။ ထို့အပြင် ယင်းအချက်အလက်များကို ဝန်ဆောင်မှုပေးသည့်နေရာများနှင့် ကိုယ်စားလှယ်များ၏ လုပ်ငန်းတည်ရှိရာနေရာတို့တွင်လည်း မြင်သာအောင် ပြသထားရမည်၊

(ဂ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် တိုင်တန်းချက်အား ဖြေရှင်းပေးမည့်နေရာ၏ အီးမေးလ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်နှင့် နေရပ်လိပ်စာတို့ကို ဝန်ဆောင်မှုပေးသည့်နေရာနှင့် ကိုယ်စားလှယ်များ၏ လုပ်ငန်းတည်ရှိရာနေရာတို့တွင် သိသာထင်ရှားစွာ ဖော်ပြထားရမည်၊

(ဃ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူက ကိုယ်စားလှယ်တစ်ဦးစီအား ကိုယ်ပိုင်အမှတ် ထုတ်ပေးရမည်ဖြစ်ပြီး သက်ဆိုင်ရာ ကိုယ်စားလှယ်၏ လုပ်ငန်းတည်နေရာတွင် ကိုယ်စားလှယ်၏ အဆိုပါ ကိုယ်ပိုင်အမှတ်(Unique ID number) ကို သိသာထင်ရှားစွာ ပြသထားရမည်။

**ဆက်သွယ်ဆောင်ရွက်သူအား အကြောင်းကြားခြင်း**

၂၈။ (က) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ဆက်သွယ်ဆောင်ရွက်သူ၏ မိုဘိုင်းငွေကြေးစာရင်းအတွက် ဆောင်ရွက်ပေးသည့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အောက်ပါအချက်အလက်များအား အီလက်ထရောနစ်နည်းလမ်းဖြင့်ဖြစ်စေ၊ ပြေစာထုတ်ပေးသည့်စနစ်ဖြင့်ဖြစ်စေ ဆောလျင်စွာ အကြောင်းကြားရမည်-

(၁) ဆောင်ရွက်ချက်ပမာဏ၊

(၂) ဆောင်ရွက်ချက်အမျိုးအစား၊

(၃) ကောက်ခံသည့် အခကြေးငွေနှင့်

(၄) ဆောင်ရွက်ချက်ဆိုင်ရာ ရည်ညွှန်းချက် (Unique Transaction Reference)။

(ခ) ဆက်သွယ်ဆောင်ရွက်သူသည် ၎င်း၏ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုဆိုင်ရာ မှတ်တမ်းများကို လုပ်ငန်းဆောင်ရွက်ပြီးနောက် ရက်ပေါင်း(၆၀)အတွင်း အီလက်ထရောနစ်နည်းလမ်းဖြင့်ဖြစ်စေ၊ စာရွက်စာတမ်းပုံစံဖြင့်ဖြစ်စေ အခမဲ့ရယူခွင့်ရှိသည်။

**လျှို့ဝှက်ချက်ထားရှိခြင်း**

၂၉။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူ၊ ကိုယ်စားလှယ်များနှင့် တစ်ဆင့်ခံဆောင်ရွက်ပေးသူများသည် ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းနှင့်စာရင်းအချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းထားရမည်။

## အခန်း (၈)
## တိုင်တန်းချက်များ လက်ခံဆောင်ရွက်ခြင်း

၃၀။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်သူများက တိုင်တန်းချက်များ တင်ပြနိုင်ရန်အလို့ငှာ ထိရောက်သည့်လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ရမည်။

**တိုင်တန်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

၃၁။ တိုင်တန်းချက်နှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများတွင် အောက်ပါအချက်များ အနည်းဆုံးပါဝင်ရမည်-

(က) ဆက်သွယ်ဆောင်ရွက်သူအား အကာအကွယ်ပေးသည့်စနစ်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များကို ပုံမှန်လုပ်ငန်းချိန်အတွင်းနှင့် လုပ်ငန်းချိန်ပြီးနောက် လွယ်ကူစွာရရှိနိုင်ရန်ပံ့ပိုးပေးခြင်း၊

(ခ) နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ လွယ်ကူစွာတိုင်တန်းမှု ပြုလုပ်နိုင်ခြင်း၊

(ဂ) တိုင်တန်းချက်များ ပြုလုပ်ရမည့်အချိန်ကာလသတ်မှတ်ခြင်း၊ နှင့်

(ဃ) တိုင်တန်းချက်ကို လက်ခံရရှိသည့်နေ့မှစ၍ အလုပ်လုပ်ရက် ငါးရက်အတွင်း တိုင်တန်းချက်များအား ဖြေရှင်းပေးခြင်း။

၃၂။ (က) တိုင်တန်းချက်အား အလုပ်လုပ်ရက် ငါးရက်အတွင်း ဖြေရှင်းမပေးနိုင်သည့်ကိစ္စရပ်များတွင် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ယင်းတိုင်တန်းချက်အား ဖြေရှင်းရန် နောက်ထပ်အလုပ်လုပ်ရက် (၁၀) ရက် ရယူမည်ဖြစ်ကြောင်း ဆက်သွယ်ဆောင်ရွက်သူအား သတ်မှတ်ထားသည့်နည်းလမ်းဖြင့် အသိပေးရမည်၊

(ခ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ဆက်သွယ်ဆောင်ရွက်သူ၏ တိုင်တန်းချက်ကိုရရှိကြောင်း အသိအမှတ်ပြုပြန်ကြားရန်နှင့် တိုင်တန်းသူအနေဖြင့် ဖြေရှင်းခြင်းတိုးတက်မှုအခြေအနေကို စုံစမ်းနိုင်ရန်အတွက်တိုင်တန်းချက် ရည်ညွှန်းအမှတ် နှင့် လုံလောက်သော သတင်းအချက်အလက်များကို တိုင်တန်းသူအား ပံ့ပိုးပေးထားရမည်၊

(ဂ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် တိုင်တန်းချက်အပေါ် စုံစမ်းစစ်ဆေးခြင်းမှ ရရှိလာသည့် ရလဒ်များနှင့် ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာတိုင်တန်းသူထံ အကြောင်းကြားပေးပို့ရမည်၊

(ဃ) ဆက်သွယ်ဆောင်ရွက်သူသည် ၎င်း၏ တိုင်တန်းချက်အပေါ် ဖြေရှင်းချက်ရလဒ်နှင့် စပ်လျဉ်း၍ ကျေနပ်မှုမရှိပါက အဆိုပါရလဒ်အား ထပ်မံစစ်ဆေးပေးရန်အတွက် စစ်ဆေးမှုအဆင့်မြှင့်တင်ပေးရန် တောင်းဆိုနိုင်သည့် အခွင့်အရေးအား မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူအား ပေးရမည်။

**တိုင်တန်းခြင်းဆိုင်ရာအချက်အလက်များတင်ပြခြင်း**

၃၃။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ဗဟိုဘဏ်သို့ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်သူ၏ တိုင်တန်းချက်များအပေါ် အရေးယူဖြေရှင်းဆောင်ရွက်ပြီးစီးမှုများကို ခြောက်လလျှင်တစ်ကြိမ် တင်ပြရမည်။

## အခန်း(၉)
## အထွေထွေ

၃၄။ (က) ကူးသန်းရောင်းဝယ်ရေးဘဏ်သည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်လိုပါက ဝန်ဆောင်မှုအသစ်အတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူရမည်၊

(ခ) ဤစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များသည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ကူးသန်းရောင်းဝယ်ရေးဘဏ်များနှင့် သက်ဆိုင်စေရမည်။

၃၅။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် ဆက်သွယ်ဆောင်ရွက်သူ၊ ကိုယ်စားလှယ်သို့မဟုတ် မိုဘိုင်းစကြီး (Mobile platform) အဆင့်အပါအဝင် ဈေးကွက်လိုအပ်ချက်အရ အဆင့်အမျိုးမျိုး၌ အခြားမိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သော (Interoperable) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၃၆။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူနှင့် ယင်း၏ကိုယ်စားလှယ်များသည် ဈေးကွက်ရှာဖွေရာတွင် အသုံးပြုသည့်နည်းလမ်းများ၊ လုပ်ငန်းအမှတ်တံဆိပ်၊ ဆိုင်းဘုတ်များနှင့် ဆောင်ရွက်မှုများ အားလုံးကို ၂၀၁၆ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ လိုင်စင်ထုတ်ပေးထားသော ဘဏ်တစ်ခုကဲ့သို့ ပြုမူဆောင်ရွက်ခြင်းမပြုရ။

၃၇။ ဤစည်းမျဉ်းအား လိုက်နာဆောင်ရွက်မှုမရှိပါက ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ အရေးယူခြင်းခံရမည်။

(ပုံ) ကျော်ကျော်မောင်

ဥက္ကဋ္ဌ